

ဘာသာပြန် - Swae Nyoe Team
လူသားဧကရာဇ်
(ဝမ်ချောင်)
(Chapter 1166-1180)
စာစဉ် – ၈၂

## အခန်း(၁၁၆၆)

*

"နောက်ပြီး ငါတို့မှာ အခြားရွေးချယ်စရာတစ်ခုရှိမယ်။ ငါတို့တွေ အခြားမြို့တွေကို လက်လျှော့ပြီး အာရေးဗီးယားရဲ့ အဓိကမြို့တော်ကြီးဖြစ်တဲ့ ပါးတဆီ တစ်ဖြောင့်တည်းသွားလို့ရတယ်။ ကီလိုမီတာ နှစ်ထောင်၊ သုံးထောင်လောက်က ငါတို့ရဲ့လုပ်နိုင်စွမ်းရည်နဲ့ယှဉ်ရင် အသာလေးပါပဲ။ ငါတို့တွေ အနေနဲ့ မြို့ရိုးတွေကို ကျော်ဖြတ်နိုင်ဖို့အထိ မလိုအပ်ဘူးဆိုပေမဲ့လည်း ငါတို့ကသာ လုံလောက်တဲ့အင်အားမျိုးရှိရင် အာရေးဗီးယားရဲ့ တော်ဝင်မြို့တော်ကြီးကို တိုက်ရိုက်ခြိမ်းခြောက်လို့ရတယ်။ ဒီလိုနဲ့ အင်ပါယာကြီးကို လှုပ်ခါအောင် လုပ်လိုက်ရင် သူတို့ရဲ့သမိုင်းမှာ အရှက်ရစေတဲ့ အမှတ်အသားတစ်ခု ဖြစ်သွားလိမ့်မယ်။ ဒီလိုအရှက်ခွဲတာက အာရေးဗီးယားတွေ လုံးဝလက်သင့်မခံနိုင်တဲ့ အခြေအနေမျိုးပဲ။ ရွှေထည်တစ်ဘီလီယံ ပေးရမယ်ဆိုရင်တောင်မှ သူတို့တွေ လက်သင့်မခံနိုင်လောက်ဘူး"

"ဒါတွေအပြင် ငါခန့်မှန်းတာသာ မှန်မယ်ဆိုရင် အာရပ်တွေက ငါတို့တောင်းဆိုတာကို လက်ခံနိုင်ချေမြင့်တယ်။ သူတို့က ငါတို့ကို ရွှေထည်တစ်ဘီလီယံ လာပို့လိမ့်မယ်။ အဲ့ဒီအချိန်မှာ သူတို့က သူတို့ရဲ့စစ်တပ်အတွက် အချိန်ဆွဲထားနိုင်ဖို့ မျှော်လင့်နေကြလိမ့်မယ်။ ဒီလိုနဲ့ ငါတို့ကို အလဲထိုးနိုင်ဖို့ ပြင်ဆင်ကြမှာပေ့ါ။ ဒါကြောင့် ဘယ်လိုနည်းနဲ့မဆို သူတို့ရဲ့ ရွှေထည်တစ်ဘီလီယံ လာပေးနိုင်ချေက တစ်ရာ ရာခိုင်နှုန်း အပြည့်ရှိနေတယ်"

ဝမ်ချောင်၏အမူအရာက ယုံကြည်မှုအပြည့်နှင့် တောက်ပနေသည်။ သူက

နောက်ဆုံးစကားများကို အားအင်အပြည့်နှင့် ပြောလိုက်ခြင်းဖြစ်သည်။ ဝမ်ချောင်က ခန့်မှန်းတွက်ချက်ရန် ယုံကြည်မှုမရှိသည့် စစ်ပွဲများ မရှိချေ။ စစ်ပွဲကိုသုံးပြီး လျော်ကြေးငွေတောင်းခံခြင်းက ဒီလောကအတွက် အလွန်သစ်လွင်ပြီး သိချင်စိတ် ပြင်းပြစေလောက်မည့် ကိစ္စမျိုးဖြစ်သည်။ သို့သော် အခြားသော လောကတွင်မူ သာမာန်သာဖြစ်နေသည်။ ထိုလောကရှိ လူပေါင်းများစွာက တန်ကြေးမြှင့်သည့် ကိစ္စတွင် အလွန်ရင်းနှီးကျွမ်းဝင်နေကြသည်။

စစ်ပွဲသည် အကျိုးအမြတ်ကို လိုအပ်သည်။ ဒီစစ်ပွဲ၏ မည်မျှကြာရှည်စွာဖြစ်ပျက်ခဲ့သော အခြေအနေကို ထပ်ပေါင်းလိုက်သော် ဝမ်ချောင်သည်လည်း တော်ဝင်ခုံရုံးတွင် မဟာထန်မှလူများကို ကျေနပ်စေလောက်မည့် ပမာဏမျိုးနှင့် ကောင်းမွန်သည့် အဖြေမျိုးကို ပြန်ပေးနိုင်ရန် လိုအပ်နေလေသည်။

ဝမ်ချောင်၏စကားကို တုန့်ပြန်လိုက်သလိုမျိုး လေထုအတွင်း တောင်ပံခတ်သံက ပေါ်ထွက်လာသည်။ တခဏခန့်ကြာပြီးနောက် ကြီးမားသော ရွှေရောင်နှုတ်သီးနှင့် အမဲလိုက်သိန်းငှက်ကြီးက ကောင်းကင်ပေါ်မှ ဆင်းသက်လာပြီး မည်းမှောင်သည့် ခန်းမအတွင်းသို့ တိုက်ခိုက်ပျံသန်းကာ ခမ်းနားထည်ဝါသော ရွှေရောင် အစည်းအဝေး စားပွဲကြီးပေါ်သို့ ဆင်းသက်လိုက်သည်။ ထိုအမဲလိုက်သိန်းငှက်၏ ခြေထောက်တွင်လည်း စာတစ်စောင်ကို ချည်ထား၏။ ထိုစာက သိသာထင်ရှားလွန်းသည်။

ဝုန်း

အမဲလိုက်သိန်းငှက်ကို မြင်လိုက်ရခြင်းက ခန်းမတစ်ခုလုံးကို တိတ်ဆိတ်သွားစေသည်။ လူတိုင်းကလည်း အံ့အားသင့်မှု၊ စိတ်လှုပ်ရှားမှုများနှင့်အတူ စောင့်ကြည့်နေကြ၏။ အချို့ကမူ ထိုင်ခုံမှပင် ထရပ်မိကြသည်။

ရွှေထည်တစ်ဘီလီယံ

အာရပ်တွေက တကယ်ပဲ သဘောတူမှာလား။

လူတိုင်းက အသက်ရှုအောင့်ထားကြသည်။

စွစ်

ပိန်ပါးသော လက်တစ်ဖက်က ဆန့်ထွက်လာပြီး အမဲလိုက်သိန်းငှက်၏ ခြေထောက်မှ စာကိုဖြေယူသည်။ တခဏခန့်ကြာပြီးနောက် ယွမ်ရှူ့စုန့်က ရုတ်တရက် စိတ်လှုပ်ရှားသွားသည်။

"အရှင် အာရပ်တွေက ရွှေထည်တစ်ဘီလီယံကို ပေးဖို့ သဘောတူလိုက်တယ်။ သူတို့တွေ တကယ်သဘောတူလိုက်တယ်"

"ဘာ"

ထိုစကားများက ခန်းမတစ်ခုလုံးကို အားလှိုင်းများ ရိုက်ခတ်လိုက်သည်။ လူတိုင်းကလည်း အလန့်တကြား ထရပ်မိကြသည်။

"ငါကြည့်ပါရစေ"

အာရပ်များထံမှစာက ကောင်းရှန်းကျစ်ထံ အရင်ဆုံးရောက်သွားသည်။ ထို့နောက် ချန်းချန့်လီ၊ ရှီယွမ်ချင်၊ လုံရှီယွီ၊ လီစစ်ယဲ့... ခန်းမထဲရှိလူတိုင်းက စာကိုကြည့်ကြသည်။ သို့သော် ယွမ်ရှူ့စုန့်ကလွဲပြီး မည်သူကမှ မဖတ်နိုင်ချေ။

သို့သော် ဒီကိစ္စသည် အံ့အားသင့်စရာကောင်းလွန်းသည်။ ဝမ်ချောင်၏ ရွှေထည်တစ်ဘီလီယံကို တောင်းဆိုခြင်းက မှင်သက်ရန် လုံလောက်နေခဲ့ပြီဖြစ်သည်။ သို့သော် အာရပ်များက အမှန်တကယ် လက်ခံလိုက်ခြင်းက ပို၍ပင် မှင်သက်စေသေးသည်။ သူတို့က စာပေါ်မှ စကားလုံးများကို ဖတ်တတ်ခြင်း၊ မဖတ်တတ်ခြင်းက အရေးမကြီးချေ။ သူတို့အားလုံးက ဒီတိုင်း

နည်းလမ်းတစ်ခုကိုသုံးပြီး သူတို့ဘာသာ အတည်ပြုလိုနေကြခြင်းဖြစ်သည်။ ဒီနည်းအားဖြင့် စစ်ပွဲကို အနိုင်ရသွားသောကြောင့် ရွှေထည်တစ်ဘီလီယံကို လျော်ကြေးအဖြစ်ရရှိခြင်းဟာ ကောင်းရှန်းကျစ်ကဲ့သို့ လူမျိုးအတွက် တွေးပင်မတွေးရဲဖူးသော အခြေအနေမျိုးဖြစ်နေသည်။

သူက ရှီတိုင်းပြည်ကို တိုက်ခိုက်ခဲ့သောကြောင့် ဖြစ်ပျက်လာခဲ့သည့် အကျိုးဆက်က ဖုန်မှုန့်နှင့် တိမ်စိုင်များအလား ကွာခြားချက်ကြီးမားသည်။

ထိုစာတစ်စောင်တည်းနှင့် ဝမ်ချောင်က လူတိုင်းမထင်မှတ်ထားလောက်မည့် ကိစ္စမျိုးကို လုပ်လိုက်သည်။

"ဝမ်းသာစရာပဲ"

ချန်းချန့်လီက စိတ်လှုပ်ရှားမှုအပြည့်နှင့် လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်လိုက်သည်။ မည်သို့သော စကားလုံးများကို ပြောစေကာမူ လူတိုင်းအတွက် အာရပ်များ၏ ပြန်စာကြောင့် အံ့အားသင့်ရသည့် ခံစားချက်မျိုးကို ဖော်ပြနိုင်လိမ့်မည်မဟုတ်ချေ။ ချက်ချင်းဆိုသလိုပင် လူတိုင်းကလည်း ဝမ်ချောင်၏ ဗျူဟာရည်မှန်းချက်ကို နားလည်လိုက်သည်။

"ရွှေသားတစ်ဘီလီယံ ဒီတင်ပြချက်ကသာ တော်ဝင်ခုံရုံးကို ရောက်သွားခဲ့ရင် ဘယ်အရာရှိကမှ ယုံရဲမှာမဟုတ်ဘူး။ ပြည်တွင်းအရာရှိနဲ့ အမှုထမ်းရေးရာ ရုံးတော်ကလူတွေ အပြုအမူ ပြောင်းသွားမှာ သေချာတယ်"

ရွှေသားတစ်ဘီလီယံသည် ချန်းချန့်လီကဲ့သို့ ဒုကာကွယ်စောင့်ရှောက်ရေးဗိုလ်ချုပ်ကြီးကိုပင် စိတ်လှုပ်ရှားစေလောက်အောင် မှင်သက်ဖွယ် ကောင်းလွန်းသည့် ပမာဏဖြစ်နေသည်။ တာလာ့တွင် စစ်သားပေါင်းများစွာ သေသွားသည်။ ပေးအပ်ရမည့် လျော်ကြေးငွေ တစ်ခုတည်းကတင် မြောက်များနေပြီဖြစ်သည်။ ချန်းချန့်လီကလည်း မည်သို့လုပ်သင့်ကြောင်း ဆက်တိုက်တွေးတောနေခဲ့ရ၏။ စစ်သားများနှင့် ဘေးချင်းယှဉ်လျှက်ရပ်ပြီး တာဝန်

ထမ်းဆောင်သော ဗိုလ်ချုပ်တစ်ယောက်အနေနှင့် သူဟာ သူတို့၏ အကျိုးအမြတ်အတွက် အကောင်းဆုံးတိုက်ခိုက်ပေးရန် လိုအပ်သည်။ သို့သော် ယခုမူ သူ၏ပြဿနာများကို အလွယ်တကူ ဖြေရှင်းလိုက်နိုင်သည်။

"ဒါပေမဲ့ အာရပ်တွေက တောင်းဆိုမှုနည်းနည်းတော့ ထည့်သွင်းထား တယ်"

ထိုအခိုက်အတန့်တွင် ယွမ်ရှုံ့စုန့်ကပြောသည်။ သူ၏မျက်မှောင်က အတွေးနှင့်အတူကျုံ့သွားသည်။

"အာရပ်တွေက ငါတို့ကြားက ဒီစစ်ပွဲ အဆုံးသတ်ကြောင်း သဘောတူ လက်မှတ် ရေးထိုးနိုင်ဖို့ မျှော်လင့်နေတယ်။ အာရပ်တွေရဲ့ ပြောစကားအရ သူတို့ဟာမဟာထန်ကို မကျူးကျော်တော့ကြောင်း ကတိပေးနိုင်တယ်။ ဒါပေမဲ့ ငါတို့ကလည်း ခိုရာစန်းကနေ ပြန်ဆုတ်ပြီး ခိုရာစန်းနဲ့ ဆမ်ဆာခမ်း ကြားက ပိုင်နက်နယ်မြေကို သူတို့ဆီ ပြန်ပေးရမယ်တဲ့။ ဒါတွေအပြင် ငါတို့ က ဒီမြို့အပြင် ဘယ်မြို့ကိုမှ မခြိမ်းခြောက်သင့်သလို တိုက်ခိုက်ခွင့်လည်း မ ပြုဘူးတဲ့"

ဝုန်း

ယွမ်ရှုံ့စုန့်၏ စကားလုံးများက အားလုံးကို တိတ်ဆိတ်သွားစေသည်။ လူ တိုင်းက အကြည့်ချင်း ဖလှယ်လိုက်ကြသည်။ မဟာထန်၏ ရပ်တည်မှုမှ တစ်ဆင့် အာရပ်များ၏ ပြောဆိုမှုက လက်ခံနိုင်ဖွယ် ရှိနေသေးသည်။ ရွှေသားတစ်ဘီလီယံကို ယခင်အာရပ်များ ပိုင်ဆိုင်ပြီးသား ပိုင်နက်နယ်မြေ နှင့် ပြန်လည် လဲလှယ်ရခြင်းက သမိုင်းမှတ်တမ်းကို ပြောင်းလဲစေခြင်းမရှိ သေးချေ။

စစ်သားများအတွက်မူ ထူးဆန်းပြီး မရင်းနှီးသော ပိုင်နက်နယ်မြေ အတွင်းတွင် ကြာရှည်စွာ နေထိုင်ရခြင်းက အကျိုးအမြတ်မရရှိစေနိုင်သလို

မဟာထန်အတွက်လည်း အကျိုးအမြတ် မရှိစေနိုင်ချေ။

"ငါငြင်းတယ်"

စုဟန်ရှန်းက ရုတ်တရက် သူ၏အေးစက်ကာ မောက်မာသလိုထင်ရသည့် အသံမျိုးဖြင့် ထပြောသည်။ သူ၏အမူအရာကမူ ယိမ်းယိုင်ခြင်းမရှိချေ။

"ငါတို့ကသာ အာရပ်တွေတောင်းဆိုတာက သဘောတူလက်ခံလိုက်ရင် ငါတို့တွေ ကြိုးစားအားထုတ်မှုတွေ အားလုံးက အလဟဿဖြစ်သွားမှာပေါ့။ နောက်ပြီး အရာအားလုံးအတွက် ပထမဦးဆုံးအကြိမ်ဆိုတာ ရှိတယ်။ အတိတ်မှာ ငါတို့တွေ အနောက်ပိုင်းဒေသရဲ့ နယ်မြေတွေကို သိမ်းယူတဲ့အခါ အခုအချိန်အထိ အဲ့ဒီနယ်မြေတွေကို ကောင်းကောင်းစီမံအုပ်ချုပ်ခဲ့ကြတာ မဟုတ်လား။ ဒါပေမဲ့အခု ခိုရာစန်းကို သိမ်းပိုက်လိုက်တယ်။ ဒါကငါတို့ရဲ့ အုပ်ချုပ်မှုအောက်ကို ခိုင်ခိုင်မြဲမြဲ ရောက်နေအောင် ထားထားသင့်တာ။ ဒီလိုအခြေအနေမျိုးမှာ ဒီလိုနယ်မြေမျိုးကို သေချာသိမ်းပိုက်ပြီး အုပ်ချုပ်သင့်တယ်လို့ထင်တယ်"

"ဒါပေါ့ ငါတို့သဘောတူလို့ ဘယ်ရပ့်မလဲ"

ဝမ်ချောင်က အော်ရယ်သည်။

"ဒီအခြေအနေတွေအရ အာရပ်တွေက ဗဟိုပြင်ကျယ်ကို လိုချင်စိတ်ရှိနေသေးတယ်ဆိုတာကို ဖော်ပြနေတယ်။ ဒါပေမဲ့ သူတို့ကိုငါတို့က အလဲထိုးပြီး နောက်ဆုတ်လိုက်စေတယ်။ ငါတို့က ခိုရာစန်းကို သိမ်းပိုက်လိုက်ပြီ။ အာရပ်တွေက ရွှေထည်တစ်ဘီလီယံကို လျော်ကြေးပေးတာက ငါတို့ရဲ့ ဆုံးရှုံးမှုအတွက်ကြောင့်ပဲ။ ဒါက လက်ရည်တူ လဲလှယ်ခွင့်ရထားတဲ့ အခြေအနေမျိုးကြောင့် မဟုတ်ဘူး။ ကြည့်ရတာ အရှင်မင်းကြီး မူတာစီရန်က အခြေအနေကို ကောင်းကောင်း နားမလည်သေးတဲ့ပုံပဲ။ ဒါမှမဟုတ် စစ်ပွဲကရှုံးတဲ့ဘက်က ဘယ်လိုပြုမူရမလဲဆိုတာကို မသိတာဖြစ်မယ်။ ဗိုလ်ချုပ်ချ

န်း စစ်တပ်ကိုဦးဆောင်ပြီး တိုင်ဂရစ်မြစ်ကိုဖြတ်လို့ အနီးဆုံးမြို့ဖြစ်တဲ့ ရှမ်းသာမြို့ကိုတိုက်ခိုက်လိုက်။ မင်းက အဲ့ဒီမြို့ကို သိမ်းပိုက်ပြီးသွားတဲ့အချိန်မှာ ခိုရာစန်းကို ချက်ချင်းပြန်ဆုတ်လာခဲ့တော့။ ဒီလိုဆိုရင် သူတို့တွေ အခြေအနေကို နားလည်လိမ့်မယ်"

"နားလည်ပါပြီ ဒီကိစ္စကို ငါ့ရဲ့တာဝန်ထားလိုက်"

ချန်းချန့်လီက ပြုံးလျှက်ပြောသည်။

ဒီစစ်ပွဲ၏ ပြောင်းလဲတိုးတက်လာပုံက သူ၏နားလည်နိုင်စွမ်းကို ကျော်လွန်နေပြီးသားဖြစ်သည်။ သို့သော် ချန်းချန့်လီက ဝမ်ချောင်ကို အပြည့်အဝယုံကြည်သည်။ ဝမ်ချောင်က မည်သို့ပြောစေကာမူ တစ်ဖက်သူက ပေးသည့်အမိန့်အတိုင်း သူက တာဝန်ထမ်းဆောင်ရန် ရှိနေပြီးသားဖြစ်သည်။

ဗိုလ်ချုပ်များသည် ထိုမြို့၏ ခုခံရေးနှင့်ပတ်သတ်သည့် အသေးစိတ်အချက်အလက်များကို တွေးတောပြီးနောက် အစည်းအဝေးပွဲကို အနှစ်ချုပ်လိုက်ကာ ထွက်သွားကြသည်။

လူတိုင်းက ထွက်ခွာသွားပြီးနောက် ဝမ်ချောင်နှင့် ကောင်းရှန်းကျစ်ကသာ ကျန်ရစ်သည်။ တစ်ဖက်သူက မနေနိုင်ဘဲပြောသည်။

"ဝမ်ချောင် အာရေးဗီးယားမှာ လုပ်နိုင်စွမ်းရည် ရှိတဲ့လူတွေ ရှိနေတုန်းပဲ။ သူတို့က ကတိတည်မယ်လို့ မင်းထင်ထား"

"အရှင်ကာကွယ်စောင့်ရှောက်ရေးဗိုလ်ချုပ် ခင်ဗျားပြောကြည့်ပါဦး။ အာရေးဗီးယားမှာ ဉာဏ်ကောင်းတဲ့ လူအချို့ ရှိနေတုန်းပဲ။ ဒါကိုသူတို့က ဘယ်လိုကြောင့်များ ငါတို့နဲ့ ငြိမ်းချမ်းရေးယူဖို့ ပြောရမှာလဲ။ သူတို့ကဒီတိုင်း ငါတို့ရဲ့စစ်သားတွေကို အရှိန်နှုန်း နှေးစေချင်ရုံပဲ"

ဝမ်ချောင်က ချက်ချင်းလိုလို အခိုင်အမာပြောလိုက်သည်။

အာရေးဗီးယားသည် စစ်ပွဲပေါ်မူတည်ပြီး တည်ထောင်ထားသော တိုင်းပြည်ကြီးဖြစ်သည်။ သူတို့သည် သိမ်းပိုက်အုပ်စိုးရာတွင် ပျော်ရွှင်နေပြီးသားဖြစ်သည်။ အစပိုင်းကတည်းက ဝမ်ချောင်အနေနှင့် သူတို့ဟာ ဘယ်သောအခါမှ ငြိမ်းချမ်းရေးအတွက် စကားပြောမည်မဟုတ်ကြောင်း ငြိမ်းချမ်းမှုကို လက်ခံမည်မဟုတ်ကြောင်း သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးမည်မဟုတ်ကြောင်း နားလည်ထားပြီးသားဖြစ်သည်။

သို့သော် အာရေးဗီးယားက ဆန္ဒရှိရှိ မရှိရှိ သူတို့က ဝမ်ချောင်တောင်းဆိုသည့် ရွှေသားတစ်ဘီလီယံကို ပေးအပ်ရန် လိုအပ်သည်။ သူတို့အတွက် တောင်းဆိုမှုများပြုရန် အခွင့်အရေးလည်း မရှိချေ။

...

အစည်းအဝေးခန်းမမှ ထွက်ခွာလာပြီးနောက် ဝမ်ချောင်က ခိုရာစန်း၏အနောက်ဘက် မြို့ရိုးများပေါ်သို့ ဆင်းသက်လိုက်သည်။ အောက်ဘက်တွင်မူ ခပ်ကြမ်းကြမ်း စီးဆင်းကျော်ဖြတ်နေသည့် တိုင်ဂရစ်မြစ်ကြီးရှိသည်။ ကျယ်ပြောလွန်းသော ထိုမြစ်ကြီးက သဘာဝ အကာအကွယ်လှော ကြီးဖြစ်ပြီး ခိုရာစန်း၏ မြို့အတွက် ခုခံရေးအားလှိုင်းတစ်ခုအဖြစ် တည်ရှိနေသည်။

သူက ထိုမြစ်ပေါ် အာရုံကျပြီးကတည်းက ဝမ်ချောင်အနေဖြင့် အရေးပါသော စစ်ဘက်ဆိုင်ရာ တန်ဖိုးတစ်ခုကို နားလည်လိုက်သည်။ ရှုထောင့်တစ်ခုမှ ကြည့်သော် အပုမှုစလင်ကမှန်သည်။ ခိုရာစန်းသည် လက်လှမ်းရခက်ခဲလွန်းသော မြို့တစ်မြို့ဖြစ်နေသည်။

ဝမ်ချောင်၏အနောက်ဘက်မှ ခိုင်မာပြီး လေးနက်သော အသံမျိုးကထွက်လာသည်။

"ဗိုလ်ချုပ် မူတာစီရန်သုံးက ဒေါသထွက်ပြီး ပို့လိုက်မဲ့ မြောက်များလွန်း

တဲ့ အစိုးရတွေနဲ့ ဗိုလ်ချုပ်တွေ အပါအဝင် စစ်သည်သိန်းပေါင်းများစွာကို ဘယ်လိုကိုင်တွယ်မလဲဆိုတာကို စဉ်းစားပြီးပြီလား။ ငါတို့တွေက အာရပ်တွေနဲ့ ငြိမ်းချမ်းမှုကို တကယ်ဆွေးနွေးနိုင်မှာ မဟုတ်ဘူး။ သူတို့က သဘောတူရင်တောင်မှ ဗိုလ်ချုပ်အနေနဲ့ ထွက်သွားဖို့ခက်လိမ့်မယ်"

ဝမ်ချောင်က ဖျော့တော့စွာပြုံးသည်။

"ဟား ဟား ဆိုတော့ ဗိုလ်ချုပ်ကလည်း ငါတို့နဲ့အာရပ်အကြား ဘာတွေဖြစ်နေလဲဆိုတာကို သိနေတာပဲ။ ဗိုလ်ချုပ်အနေနဲ့ ငါတို့က ခိုရာစန်းကနေ နောက်ဆုတ်ပြီး ထွက်ခွာသွားမယ်လို့ထင်လား"

သူက နောက်လှည့်မကြည့်ဘဲ မေးလိုက်သည်။

သူက ခိုရာစန်း၏ မြို့ရိုးပေါ်သို့တက်လာသည်မှာ တိုင်ဂရစ်မြစ်၏ ခမ်းနားကြီးကျယ်မှုကို လာကြည့်ရုံသပ်သပ် မဟုတ်ချေ။ ဗဟိုပြင်ကျယ်တွင်လည်း အလားတူ မြစ်ပေါင်းများစွာရှိသည်။ သို့သော်သူက ပါးရန်ရောက်လာမည့် အချိန်ကို စောင့်နေခဲ့ခြင်းဖြစ်သည်။

"သေချာပေါက် မဖြစ်နိုင်ဘူးပေါ့။ အဲ့ဒီလိုမှမဟုတ်ရင် မင်းကဒီနေရာမှာ ပေါ်လာမှာမဟုတ်ဘူး"

ပါးရန်က ခပ်တောက်တောက်ဖြစ်နေသည့် အာရပ်လေသံမျိုးနှင့် ပြောသည်။ ပါးရန်သည် မဟာထန်၏ ဘာသာစကားကို မပြောတတ်ချေ။ သို့သော် ဝမ်ချောင်ကမူ ခိုရာစန်း၏ ဘာသာစကားကို မပြောတတ်ချေ။ အဆုံးသတ်တွင်မူ သူတို့နှစ်ယောက်က အချင်းချင်း ဆက်သွယ်ရန် လိုအပ်လာသည့်အခါ အာရပ်ဘာသာစကားကို သုံးနေရသည်။

ပါးရန်က စကားဆက်မပြောခင် အချိန်တခဏခန့် ရပ်တန့်လိုက်သေးသည်။ သူ၏မျက်မှောင်က စိုးရိမ်မှုနှင့်အတူ ကျုံ့သွားသည်။

"ဒါပေမဲ့ ပုန်ကန်သူစစ်သားတွေက ဒီလိုမျိုး သံသယဝင်နေကြတယ်။ မင်းကနောက်ဆုတ်သွားခဲ့ရင် သေချာပေါက် အထိတ်တလန့် ထွက်သွားရမှာပဲ။ နောက်ပြီး အင်အားအများကြီး စိုက်ထုတ်ပြီး စုစည်းထားရတဲ့ စစ်တပ်က လူစုကွဲသွားလိမ့်မယ်။ အာရပ်တွေကလည်း ငါတို့နောက်ကလိုက်ပြီး ငါတို့ကို အများကြီးဆုံးရှုံးစေလိမ့်မယ်"

သူက မဟာထန်နှင့် အာရပ်အကြားမှ ငြိမ်းချမ်းမှု စသဖြင့် အကြောင်းအရာများကို အမှန်တကယ် ဂရုမစိုက်ချေ။ ရွှေသားတစ်ဘီလီယံကလည်း သူနှင့်မသက်ဆိုင်ချေ။ ရှုထောင့်တစ်ခုမှသာ ကြည့်မည်ဆိုလျှင် ပါးရန်အနေဖြင့် ဒီအခြေအနေဟာ ကောင်းမွန်သည်ဟု ယုံကြည်သည်။ အကြောင်းမှုကား မဟာထန်က အကျိုးအမြတ်ရမှသာ ဆက်နေပေလိမ့်မည်။

အာရပ်များသည် အလွန်အင်အားကြီးမားသည်။ အင်အားကြီးမားလွန်းသဖြင့် အရှေ့ပိုင်းမှ မဟာထန်ကသာ သူတို့ကို ကိုင်တွယ်နိုင်စွမ်းရည်ရှိနေသည်။

ထို့ကြောင့် ပုန်ကန်သူပေါင်း များစွာကလည်း မဟာထန်ထံတွင် အာရေးဗီးယားကို ဖိနှိပ်ထားနိုင်မည့် မျှော်လင့်ချက်မျိုးကို ထွက်လာရန် ဆန္ဒရှိကြခြင်းဖြစ်သည်။ မဟာထန်ကသာ ခိုရာစန်းမှ ဆုတ်သွားခဲ့သော် ကျန်သောလူများ ခံစားရမည့် အံ့သြမှုနှင့် ခြောက်ခြားမှုကို ခံစား၍ရသည်။

"သူတို့ကို စိတ်အေးအောင် ပြောဖို့အတွက်ကတော့ ဗိုလ်ချုပ်ရဲ့ ဂုဏ်သိက္ခာနဲ့ အဆင့်အတန်းကိုပဲ မှီခိုရတော့မယ်ထင်တယ်။ မဟာထန်က နောက်ဆုတ်မှာမဟုတ်ဘူး။ အနည်းဆုံး အရမ်းကို ကောင်းမွန်လွန်းတဲ့ အကြောင်းပြချက်မျိုး မရှိဘဲ မဆုတ်ပါဘူး"

ဝမ်ချောင်က ပြုံးလိုက်သည်။

"ကာလစ်က စုစည်းမယ်ဆိုတဲ့ စစ်သည်သိန်းကျော်အတွက်ကတော့ ဗိုလ်ချုပ်အနေနဲ့ ဒီကိစ္စနဲ့ပတ်သတ်ပြီး စိုးရိမ်ဖို့မလိုဘူး။ အာရပ်တွေက အဲ့ဒီလိုအခွင့်အရေး ရမှာမဟုတ်ဘူး။ အနည်းဆုံး နောက်ထပ် သုံးလအတွင်း အဲ့ဒီလိုအခွင့်အရေး မရဘူး"

***